မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
November 5, 2025 Volume 96 , Number 1

| ၅-၁၁-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၃.၄၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၈.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၃၇.၆၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၃.၆၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၀.၉၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၄ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# နိုဝင်ဘာလဆန်းပိုင်းမှ စတင်ကာ ဆောင်းစိုက်သီးနှံစိုက်ခင်းများအနီးတွင် ပျားရည်စုဆောင်းမှုများစတင်



နိုဝင်ဘာလဆန်းပိုင်းမှ စတင်ကာ ဆောင်းစိုက်သီးနှံ စိုက်ခင်းများအနီးတွင် ပျားရည်စုဆောင်းမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပျားမွေးသူများထံမှ သိရသည်။

နှစ်စဉ် ပျားရည်စုဆောင်းမှုကို နိုဝင်ဘာ၊ ဒီဇင်ဘာတို့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးသည့် စိုက်ခင်းများတွင် အဓိက ပျားရည် စုဆောင်းမှုကို မတ်လကုန်အထိ ပြုလုပ်ကြသည်။

ပျားရည်စုဆောင်းနိုင်ရန်အတွက် ပျားရာသီအစ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာအထိပျားအကောင်မွေးမြူစုဆောင်းချိန်ဖြစ်ပြီးအောက်တိုဘာ၊ နိုဝင်ဘာတွင် စတင်ကာ ပျားရည်စုဆောင်းခြင်းဖြစ်ကြောင်း ပျားလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ပျားရာသီရောက်လျှင် ပျားအုံချမည့် ကျေးရွာစိုက်ခင်းပိုင်ရှင်များနှင့် အစည်းအဝေး ထိုင်ပြီး ပျားအုံများချသည့်အတွက် ကျေးရွာရန်ပုံငွေကိုလှူဒါန်းခြင်း၊ စိုက်ခင်းရှင်များကို ပျားပုံးအရေအတွက်အတိုင်း အခကြေးငွေပေးရခြင်းများရှိသည်။ ပျားပုံးချခများ ပုံသေသတ်မှတ်ဈေးနှုန်းမရှိဘဲ ညှိနှိုင်းကြကြောင်း သိရသည်။

စိုက်ခင်းများအနီးတွင် ပျားပုံးများလာရောက်ချထားခြင်းဖြင့် စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ပိုးမွှားကျရောက်မှုကို သဘာဝနည်းဖြင့် ကာကွယ်ပြီးဖြစ်၍ အပင်ဝတ်မှုန်ကူးခြင်းကို ကူညီရာရောက်သဖြင့် ပျားရည်ထုတ်လုပ်သူများနှင့် စိုက်ခင်းရှင်များ အပြန်အလှန် အကျိုးပြုနေခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် လိုင်စင်ရ ပျားမွေးမြူသူ ၉၀၀ ကျော် ရှိပြီး ပျားအုံပေါင်း ၂ သိန်းကျော်ဖြင့် ပျားရည်ထုတ်လုပ်လျက်ရှိကြောင်း ပျားမွေးမြူမှုဖွံ့ဖြိုးရေး ဌာနခွဲမှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ပျားရည်အမျိုးအစားများမှာ နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ ဆီးပျားရည်၊ လိုက်ချီးပျားရည်၊ ရော်ဘာပျားရည် တို့မှာ လအလိုက်၊ ရာသီအလိုက် ထွက်ရှိလျက်ရှိသည်။

ပျားမွေးမြူရေးအနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးမွေးမြူလျက်ရှိသည်။

မြန်မာ့ပျားရည်ကို ပြည်တွင်းတိုင်းရင်းဆေးအဖြစ်အသုံးပြုခြင်း၊ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် ပျားရည်ထုတ်လုပ်မှုမှ နိုင်ငံခြားဝင်ငွေ ရရှိနေသည်။ နှစ်စဉ် ပျားရည်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့ရောင်းချနေရာ ပျား ရည်တန်ချိန် ၃၀၀၀ ကျော်ခန့် တင်ပို့နိုင်ရာ ဒေါ်လာ ခြောက်သန်းနီးပါး ဝင်ငွေရရှိထားသည်။

လက်ရှိ မြန်မာ့ပျားရည် တစ်တန်ပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၂၅၀၀- ၃၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။

မြန်မာနိုင်ငံမှ နှစ်စဉ် ပျား ရည်တန်ချိန် ၇၀၀၀ ခန့်ထွက်ရှိပြီး နှစ်စဉ်ပျားရည်တန်ချိန် ၃၀၀၀ ခန့်ကို တင်ပို့ရောင်းချလျက်ရှိရာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ စင်ကာပူနှင့် ဥရောပ ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## အခြေခံရည်ညွှန်းစပါးဈေး ၁,၁၅၀,၀၀၀ ကျပ် သတ်မှတ်



စပါး (၁)တင်း (၄၆) ပေါင်ကိုက် တင်း (၁၀၀) ရဲ့ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ၁,၁၅၀,၀၀၀ ကျပ်သတ်မှတ်လိုက်ကြောင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကနေ အောက်တိုဘာလ ၃၁ ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။

အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတဲ့ စပါးအမျိုးအစားဖြစ်ရမယ်လို့ ဦးဆောင်အဖွဲ့က ဆိုပါတယ်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများအတွက် သင့်တင့်မျှတတဲ့ ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မဲ့ စပါးသီးနှံအတွက် အခြေခံရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ကြေညာတာပါ။

ဈေးကွက်ပေါက်ဈေးကအခြေခံစပါးဈေးနှုန်းအပေါ်မှာဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူဖို့နဲ့ ဈေးကွက်ပေါက်ဈေးက အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်မှာဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမှာပါ။

အခုသတ်မှတ်တဲ့ အခြေခံရည်ညွှန်းစပါးဈေးနှုန်းက ၂၀၂၅ ခုနှစ် မိုးစပါးနဲ့ ၂၀၂၆ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဦးဆောင်ကော်မတီအဖွဲ့က ဆိုပါတယ်။

အခြေခံရည်ညွှန်းဈေးနှုန်းနဲ့ ရောင်းချဖို့အခက်အခဲရှိတဲ့ တောင်သူလယ်သမားတွေအနေနဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ မြို့နယ်ကိုယ်စားလှယ်များထံဖြစ်စေ၊ အသင်းချုပ် ရုံးချုပ်ဖုန်းနံပါတ် ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆ ကိုဖြစ်စေ ဆယ်သွယ်နိုင်ကြောင်း ထုတ်ပြန်ကြေညာထားပါတယ်။

**Source : BETV Business**

## နိုင်ငံတကာအထည်အလိပ်နှင့်စက်ယန္တရားကုန်စည်ပြပွဲ ကျင်းပမည်




နိုင်ငံတကာအထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲကို ရန်ကုန်မြို့ရှိ Yangon Convention Center (YCC)မှာ ဒီဇင်ဘာ ၅ ရက်ကနေ ၇ ရက် အထိ ၃ ရက် ကျင်းပသွားမယ်လို့ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းက ထုတ်ပြန်ထားပါတယ်။

တရုတ်-မြန်မာနှစ်နိုင်ငံ အထည်အလိပ်နဲ့အထည်ချုပ် လုပ်ငန်းတွေ၊မြန်မာနိုင်ငံနဲ့ အာဆီယံနိုင်ငံတွေအကြား စီးပွားရေးဆိုင်ရာ ဆက်ဆံရေးတွေ၊ အလားအလာရှိတဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ရေရှည်ပြုလုပ်နိုင်ဖို့နဲ့ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို ရည်ရွယ်ကျင်းပမှာဖြစ်တယ်လို့ ဆိုပါတယ်။

ကုန်စည်ပြပွဲမှာ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့က အထည်အလိပ်ထုတ်ကုန်ပစ္စည်းနဲ့ စက်ပစ္စည်းတွေ၊ ပြည်တွင်း MSMEs နဲ့ Made in Myanmar Product တွေ၊ အထည်ချုပ်စက်ရုံတွေအတွက် Sewing motors တွေ၊ အထည်အလိပ်သုံး Accessories နဲ့ Raw Materials တွေ၊ အဝတ်အထည်သုံး Tags, Pricing Tags, Printing နဲ့ Trim Accessories တွေနဲ့ Design ၊ Pattern ထုတ်လုပ်တဲ့ Printing and Machinery တွေ စတဲ့ အထည်ချုပ်ကဏ္ဍအတွက် လိုအပ်တဲ့ ထုတ်ကုန်နဲ့ ဆက်စပ်ပစ္စည်းတွေကို တစ်နေရာတည်းမှာ ပြသသွားမယ်လို့ သိရပါတယ်။

ဒါ့ပြင် ကျွမ်းကျင်သူတွေရဲ့အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာPanel Discussion တွေ၊ မြန်မာတိုင်းရင်းသားရိုးရာ ဝတ်စုံပြပွဲတွေ၊ တရုတ် – အာဆီယံနိုင်ငံတွေက ရိုးရာဝတ်စုံပြပွဲတွေ ၊ CMP နဲ့ Local brands Fashion Show ၊ လုပ်ငန်းကဏ္ဍဆိုင်ရာ Seminars အစီအစဉ်တွေလည်း ပါဝင်မယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၇-၁၀-၂၀၂၅ မှ ၃၁-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၆၅၇,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၂,၈၃၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၅၇၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂၇,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၇,၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၆၃,၀၀၀ ဈေး မြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) နှင့် ပဲစင်းငုံ Red/ RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၄၀ လုံး (တန်ချိန် ၃၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၂၅ လုံး (တန်ချိန် ၃၀၀၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၈,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၁,၀၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၁,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ်

၂၉,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ် ပေါင်း ၁၂၀၀ (၂၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၅၀(၂,၂၅၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၂၀၀ ( ၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၅၀ (၂,၂၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၈၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၉၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၃၀၀ ဈေး ကျဆင်းခဲ့ပြီး ကျန်မန်ကျည်းသီးမှာ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၆၄၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၅၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၂၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၅၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၂၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပခုက္ကူကြမ်း (သစ်)ကျပ် ၂၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ထန်းလျက်၊ ကြံသကာ နှင့် သကြားများဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၇-၁၀-၂၀၂၅ မှ ၃၁-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၇၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၉၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၄၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၇၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၄၀၀ ၊ မုံရွာလတ်သန့် ကျပ် ၉၀၀ နှင့် မုံရွာလတ်ချော ကျပ် ၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ နှင့် ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀ ဈေးကျဆင်းခဲ့ပြီး ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၅၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက် ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၅ စီး(၆၃၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၅ စီး (၆၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၂၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင် သို့ ကြက်သွန်ဖြူအိတ်ရေ ၃၅၀၀ (၁၀၅,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန် ဖြူအိတ်ရေ ၃၉၀၀ (၁၁၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၄၀၀ (၁၂,၀၀၀ ပိဿာ)

ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း OK ကျပ် ၅၅၀၀၊ အောင်ပန်း S1 ကျပ် ၆၀၀၀၊ အောင်ပန်း S2 ကျပ် ၆၈၀၀ နှင့် တရုတ်အာလူး ကျပ် ၆၇၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၀ စီး (၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၂၆ စီး( ၁၅၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၆ စီး ( ၃၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဈေးကွက် ၂၆ ခုသို့ ဆန်တိုးမြှင့်တင်ပို့ရန် အိန္ဒိယကြိုးပမ်း



အိန္ဒိယ၏ ဆန်တင်ပို့မှုသည် ကောင်းမွန်သောနှုန်းထားဖြင့် တိုးတက်လျက်ရှိပြီး ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗြိတိန်နှင့် မက္ကဆီကို အပါအဝင် ကမ္ဘာ့ဈေးကွက် ၂၆ ခုသို့ တိုးမြှင့်တင်ပို့ရောင်းချရန် ကြိုးပမ်းနေသည်ဟု အိန္ဒိယ လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီးစားသောက်ကုန်များတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (APEDA) ဥက္ကဋ္ဌ Abhishek Dev က အောက်တိုဘာ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယ၏ ဆန်တင်ပို့မှုမှာ စက်တင်ဘာလတွင် ၃၃ ဒသမ ၁၈ ရာခိုင်နှုန်း မြင့်တက်လျက် တန်ဖိုး အမေရိကန်ဒေါ်လာ ၉၂၅ သန်း ရှိခဲ့ပြီး ယခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ဆန်တင်ပို့မှုတန်ဖိုးသည် ၁၀ ရာခိုင်နှုန်းတိုးတက်လျက် အမေရိကန် ဒေါ်လာ ၅ ဒသမ ၆၃ ဘီလီယံအထိ ရောက်ရှိခဲ့သည်။

APEDA အာဏာပိုင်အဖွဲ့သည် နိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပေးသည့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ လက်ရုံးတစ်ခုဖြစ်သည်။ ၎င်းတို့အနေဖြင့် အဆိုပါ ဈေးကွက် ၂၆ ခုသို့ ဆန်တင်ပို့မှုကို ချဲ့ထွင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဘာရတ်နိုင်ငံတကာ ဆန်စပါးညီလာခံ (Bharat International Rice Conference (BIRC) 2025) နှင့်ပတ်သက်သည့် ကိစ္စရပ်များအား သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် Mr. Dev မှ သတင်းထောက်များအား ပြောကြားခဲ့သည်။

အဆိုပါ ၂၆ နိုင်ငံတွင် ဆော်ဒီအာရေဗျ၊ ဗီယက်နမ်၊ အီရတ်၊ အမေရိကန်၊ မလေးရှား၊ တရုတ်၊ ပြင်သစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘရာဇီး၊ တောင်အာဖရိက၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ ဂျာမနီနှင့် ကင်ညာနိုင်ငံတို့ ပါဝင်သည်။ ယင်းနိုင်ငံများသည် အိန္ဒိယ၏ ပြိုင်ဘက်ဖြစ်သည့် ပါကစ္စတန်ထံမှ ဆန်အများအပြားကို တင်သွင်းလျက်ရှိသည်။

APEDA နှင့် အိန္ဒိယဆန်တင်ပို့သူများအဖွဲ့ချုပ် (IREF) တို့ ပူးပေါင်းစီစဉ်မှုဖြင့် နယူးဒေလီမြို့ ရှိ Bharat Mandapam ကွန်ဗင်းရှင်းစင်တာတွင် နှစ်ရက်ကြာ ကျင်းပမည့် အဆိုပါညီလာခံ၌ ထုတ်လုပ်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ တင်သွင်းသူများ၊ မူဝါဒချမှတ်သူများ၊ ငွေကြေးအဖွဲ့ အစည်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ သုတေသနအဖွဲ့အစည်းများနှင့် မိတ်ဖက်ဝန်ဆောင်မှုပေးသူများ ပါဝင်တက်ရောက်ခြင်းဖြင့် ကမ္ဘာ့ဆန်စပါးကုန်သွယ်မှုတွင် ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို အားကောင်းခိုင်မာစေမည်ဟု Mr. Dev က ပြောကြား ခဲ့သည်။

အိန္ဒိယသည် နိုင်ငံပေါင်း ၁၇၂ နိုင်ငံကျော်ကို ထောက်ပံ့ပေးနေသည့် ကမ္ဘာ့အကြီးဆုံး ဆန် ထုတ်လုပ်သူနှင့် တင်ပို့ ရောင်းချသူဖြစ်ကြောင်း၊ ထို့ကြောင့် BIRC 2025 သည် သက်ဆိုင်သူများအတွက် ကမ္ဘာ့စားနပ်ရိက္ခာ ထောက်ပံ့ရေး ကွင်းဆက်များတွင်

၎င်းတို့၏တည်ရှိမှုကို နေရာယူထားရန် အခွင့်အလမ်းတစ်ခု ထောက်ပံ့ပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ ညီလာခံသို့ လယ်သမားအဖွဲ့အစည်းများ (FPOs) မှ လယ်သမားပေါင်း ၃၀၀၀ ကျော်၊ နိုင်ငံပေါင်း ၈၀ ကျော်မှ ပြည်ပဝယ်လက် ၁၀၀၀ ကျော်နှင့် ပို့ကုန်လုပ်ငန်းရှင်များ၊ ဆန်စက် များနှင့် မဟာမိတ်စက်မှုလုပ်ငန်းများမှ လုပ်ငန်းရှင်ပေါင်း ၂၅၀၀ တို့ ပါဝင်တက်ရောက်ဖွယ် ရှိသည်။

အဆိုပါ ညီလာခံမှ ရူပီးငွေ ကုဋေပေါင်း ၁ ဒသမ ၈၀ သိန်းတန်ဖိုးရှိသော ဆန်တင်သွင်းမှု ဈေးကွက်အသစ်များကို ဖွင့်လှစ်နိုင်ရန်နှင့် ရူပီး ကုဋေ ၂၅,၀၀၀ တန်ဖိုးရှိသည့် ဆန်တင်ပို့မှု နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရန် ရည်မှန်းထားကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောဆိုထားသည်။

အိန္ဒိယသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးဧရိယာ ဟက်တာ ၄၇ သန်းခန့်မှ ဆန်တန်ချိန် ၁၅၀ သန်းခန့် ထုတ်လုပ်ခဲ့ပြီး ကမ္ဘာ့ဆန်ထွက်ရှိမှု၏ ၂၈ ရာခိုင်နှုန်းခန့်ရှိသည်။ ပိုမိုကောင်းမွန်သောမျိုးစေ့များ၊စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် တိုးချဲ့စိုက်ပျိုးမှု၊ ရေပေးဝေမှုတို့ကြောင့် တစ်ဟက်တာပျမ်းမျှအထွက်နှုန်းသည် ၂၀၁၄-၂၀၁၅ ခုနှစ်၌ ၂ ဒသမ ၇၂ တန် ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တစ်ဟက်တာလျှင် ၃ ဒသမ ၂ တန်ခန့်အထိ တိုးတက်ခဲ့သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသည် နိုင်ငံပေါင်း ၁၇၂ နိုင်ငံကျော်သို့ ဆန်မက်ထရစ် တန်ချိန် ၂၀ ဒသမ၁ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၅ ဘီလီယံ တင်ပို့ခဲ့သည်။

Source:EconomicTimes,24Oct2025

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## အီဂျစ်နှင့် ကုန်သွယ်ရေးစာချုပ်အတွက် တွန်းအားပေးဆောင်ရွက်နေသည့် အင်ဒိုနီးရှား



အပြန်အလှန်စီးပွားရေးကြီးထွားမှုမြင့်တက်ရန် ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်မှုမူဘောင် အသစ်များမှတစ်ဆင့် အီဂျစ်နှင့်ကုန်သွယ်ရေးဆက်နွယ်မှုအားကောင်းရန် အင်ဒိုနီးရှားကြိုးပမ်းသွားမည်ဟု သိရသည်။

၂၀၂၅ခုနှစ် အင်ဒိုနီးရှားနိုင်ငံကုန်စည်ပြပွဲတွင် အီဂျစ်၏ရင်းနှီးမြှုပ်နှံမှုနှင့် လွတ်လပ်သောဇုန်များအထွေထွေအာဏာပိုင်အဖွဲ့ (GAFI) ၏ CEO ဖြစ်သူ Hossam Heiba နှင့် အစည်းအဝေးတွင် အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီး Budi Santoso က စီးပွားရေးမိတ်ဖက်ဖွဲ့ မှသို့မဟုတ် ကုန်သွယ်ရေးသဘောတူညီချက်တည်ထောင်ရန် အဆိုပြုခဲ့ကြောင်း သိရသည်။

Santoso က ၎င်းတို့သည် အပြန်အလှန်ကုန်သွယ်ရေးသဘောတူညီချက်ညှိနှိုင်းဆွေးနွေးမှုများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွက်ကျင်းပမည့် ပူးတွဲကုန်သွယ်ရေး ကော်မတီအစည်းအဝေး (JTC) သည် ကုန်သွယ်ရေးသဘောတူညီချက်စာချုပ်အတွက် လွယ်ကူချောမွေ့စေမည်ဟု မျှော်လင့်ကြောင်းနှင့် အင်ဒိုနီးရှားသည်ဆွေးနွေးမှုများအတွက် အချက် အလက်များပြင်ဆင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်ကကျင်းပခဲ့သည့် ပထမအကြိမ်မြောက် အင်ဒိုနီးရှား-အီဂျစ် JTC တွင် နှစ်နိုင်ငံစလုံးသည် အပြန်အလှန်ချိတ်ဆက်မှု မြင့်တင်ရန်နှင့် ၎င်းတို့၏ထုတ်ကုန်များအတွက် ဈေးကွက်လမ်းကြောင်းတိုးချဲ့ရန်အတွက် ကုန်သွယ်ရေးသဘောတူညီချက်ရယူရန် သဘောတူခဲ့ကြကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ Prabowo Subianto နှင့် အီဂျစ်သမ္မတ el-Sisi တို့ ဧပြီလကလက်မှတ်ရေးထိုးခဲ့သည့် Joint Declaration on the Indonesia-Egypt Strategic Partnership သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရန်အတွက် လမ်းကြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

Heiba ကအီဂျစ်သည် ၂၀၂၆ ခုနှစ်တွင် အင်ဒိုနီးရှားသို့ တင်ပို့မှုလွယ်ကူချောမွေ့စေရန်အတွက် အင်ဒိုနီးရှား၏ ဟာလာ စံနှုန်းများနှင့် သွင်းကုန်အတွက်အသိအမှတ်ပြုလက်မှတ်လိုအပ်ချက်များကို အနီးကပ်ဂရုပြုဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် Heiba ကအပြန်အလှန်ကုန်သွယ်ရေးအားကောင်းရန်အတွက် အပြန်အလှန်အသိအမှတ်ပြုခြင်းနှင့် ဟာလာ အသိအမှတ်ပြုလက်မှတ်တွင် ပူးပေါင်းဆောင်ရွက်ရန် အကြံပြုခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄ ဘီလီယံရှိ ခဲ့ပြီး အင်ဒိုနီးရှားက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံတန်ဖိုးတင်ပို့ခဲ့ကြောင်း သိရသည်။

အီဂျစ်သို့ အင်ဒိုနီးရှား၏ အဓိကပို့ကုန်များမှာ စားအုန်းဆီ၊ ကော်ဖီနှင့် တစ်ပိုင်းတစ်စပြုပြင် ထုတ်လုပ်ထားသည့် သံနှင့် စတီးတို့ဖြစ်ကြောင်း သိရသည်။

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (5.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Nov. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 166,595 (Shares) | 531,819,250 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,600 | 101 | 868,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,500 | 3,550 | 3,500 | 4,324 | 15,134,050 | 38,929,150 | 138,199 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 2 | 15,600 | 10,400,986 | 81,128 |
| FPB | 00004 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 6 | 13,800 | 29,664,613 | 68,229 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,800 | 1,800 | 1,700 | 2,133 | 3,693,850 | 19,977,223 | 34,960 |
| AMATA | 00007 | 3,450 | -50 | -1.43% | 3,450 | 3,450 | 3,450 | 1 | 3,450 | 10,497,598 | 36,217 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,250 | 3,250 | 3,200 | 28 | 89,900 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Nov. 2025

**Today's summary**

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.91 | +2.51 | +0.63% | 399.57 | 400.91 | 399.04 | 6,595 | 19,819,250 | 8 | 756,198 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 p.m, 6th Nov, 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,969 (Shares) | 19,174,850 (MMK) |

| MYANPIX | 401.24 ▲ 0.33 |
|---|---|
| Total Volume (shares) | 5,969 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 756,815 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 2,300 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 3,500 | ▲ 50 |
| MAEX | 00008 | 3,200 | ▲ 0 |

TIR